# အင်္ဂလန်ခရီး မပြီးသေးပါ (၂၀)

အရှင်ဉာဏိက



**Buckingham Palace**၊ အင်္ဂလန်ဘုရင်မ နန်းတော်။ ကမ္ဘာ့အကျော်ကြားဆုံး နေရာများထဲက တစ်နေရာ။လန်ဒန်ရောက်သူတိုင်း မဖြစ်မနေ သွားတတ်ကြတဲ့အထင်ကရ နေရာ။ နေမဝင် အင်ပါယာကြီး တန်ခိုးထွားချိန်က နေလအသွင် ထင်ရှားခဲ့တဲ့ မဟာနွယ်ဝင်ပုဂ္ဂိုလ်များရဲ့ စံရာ။ ခုတိုင်လည်း ဒုတိယမြောက် အဲလိဇဘက်ဘုရင်မကြီး နန်းစံနေဆဲ။ ဘက်ကင်ဟန်ကို တချို့က ဘုရင်မအိမ်တော်လို့လည်း သိထားကြရဲ့။

လက်ရှိဘက်ကင်ဟန်နန်းတော်ရဲ့ အဓိကအပိုင်းတွေကိုတော့ ၁၇၀၃ ခုနှစ်က ဒု(က်) ဘက်ကင်ဟန် အတွက် စတင်တည်ဆောက်ခဲ့တာ။ ၁၇၆၁ ခုနှစ်မှာတော့ တတိယမြောက် ဂျော့ဘုရင်လက်ထဲရောက်ရှိခဲ့တယ်တဲ့။ သိမ်းယူလေသလား၊ ဝယ်ယူလေသလားတော့ ကွဲကွဲပြားပြား မသိပါဘူး။ ပဒေသရာဇ်ခေတ်မှာ ရှင်ဘုရင်တွေဆိုတာက လိုချင်တာကို ရအောင်ယူတတ်တယ်လေ။ တရားတာ မတရားတာက ဒုတိယအဆင့်။ ဆိုတော့ ဘက်ကင်ဟန်ဟာ အစကတော့ သာမန်လူနေအိမ်တစ်ခု အဆင့်မျှသာပါ။ ၁၈၃၇ ခု၊ ဗစ်တိုးရီးယား (ဝိတိုရိယ) ဘုရင်မကြီး လက်ထက်ကစလို့ တော်ဝင်မိသားစုဝင်တွေနေထိုင်ရာ နန်းတော်တစ်ခု တရားဝင်ဖြစ်လာပါသတဲ့။

ဘက်ကင်ဟန်ကို ကိုယ်ရောက်ချိန်က နွေရာသီ မဟုတ်လား။ ဒီတော့ အင်္ဂလန်လို အအေးကဲတဲ့ နိုင်ငံမျိုးရှိ သစ်ပင်ပန်းမာလ်တွေက ဒီတိုတောင်းလှတဲ့ နွေလေးမှာပဲ အစွမ်းကုန် သူတို့အလှကို ပြဖို့ ပွင့်ကြရရှာတာ။ ဒီတော့လည်း ဘက်ကင်ဟန်နန်းတော်ရှေ့ရှိ ဘုရင်မပန်းခြံအလယ်ရှိ ဗစ်တိုးရီးယားအမှတ်တရ **(Victoria Memorial)** ရင်ပြင်ဘေး ကွင်းပြင်တလျှောက်၊ ဗစ်တိုးရီးယားနဲ့ တရက်ဖယ်လ်ဂါ **(Trafalgar Square)** ကိုဆက်သွယ်ထားတဲ့ မောလ် **(The Mall)** လမ်းမတလျှောက်မှာ ပန်းရောင်စုံတွေက အစွမ်းကုန်ပွင့်ကြလို့။ ဘက်ကင်ဟန်ရှေ့မှာရှိတဲ့ စိန့်ဂျိမ်းပန်းခြံအတွင်း ရေကန်ဘေးတလျှောက်မှာလည်း ပန်းရောင်စုံတွေနဲ့ အပြည့်။ ခုလို ပန်းစုံပွင့်တဲ့ရာသီ။ ရာသီဥတု ကြည်လင်တဲ့ရာသီမှာ လန်ဒန်ကို ကိုယ်ရောက်လာတာ ကိုယ်ကံကောင်းတယ်လို့ မိတ်ဆွေတွေက ပြောကြတယ်။ သူတို့ပြောတာ ဟုတ်မှာပါ။ သွားလေရာရာ မြင်လေတိုင်းတိုင်းက အလှတွေချည်းနဲ့သာ ခြံသိုင်းထားတာကိုသာ ကိုယ့်မှာမြင်နေရတတ်တာ။ တခုတော့ ရှိတာပေ့ါလေ။ အလှဆိုတာကလည်း ရှိပစေဦး။ မြင်တတ်ဖို့တော့ လိုမှာပေ့ါ။



နန်းတော်ရောက်တော့ ကိုယ်ထင်ထားတဲ့အရာ တစ်ခုက ထင်တဲ့အတိုင်း ဖြစ်မနေဘူး။ ကိုယ့်မှာစွဲနေတဲ့ အယူအစွဲက နန်းတော်ဆိုလျှင်ဖြင့် စုလစ်မွှတ်ချွန်အထွဋ်တွေ တထောင်ထောင်နဲ့ ကိုယ့်ဆီက မဟာရွှေနန်းတော်ကြီးတွေလို ဖြစ်မယ်လို့ ထင်ထားတာ။ ဘက်ကင်ဟန်နန်းတော်ပုံကို အရင်ကတည်းက တွေ့မြင်ဖူးပြီးသား။ သို့ပေမယ့်လည်း ပြောခဲ့သလို အစွဲက

ရှိနေလေတော့ ကိုယ်မြင်ခဲ့တာက နန်းတော်ရဲ့ အစိတ်အပိုင်းတစ်ခုပဲဖြစ်မှာ။ တနေရာရာမှာတော့ အချွန်အတောင်တွေပါတဲ့နေရာ ရှိကိုရှိရမယ်လို့ ယူဆထားလိုက်တာ။ တကယ်တွေ့ရတော့ နန်းတော်ရှေ့ရင်ပြင်မှာတွေ့ရတဲ့ ဗစ်တိုးရီးယား အမှတ်တရ ကျောက်ရုပ်တုကလွဲပြီး ဘယ်မှာမှ အချွန်က ရှာလို့မရ။ ဟင်း။ သူတို့နန်းတော်ကလည်း နန်းမဆန်လိုက်တာများ။ နန်း မပီသလိုက်တာများ။ အဲဒီလို ကိုယ်က အောင့်မေ့လိုက်တယ်။

တကယ်တော့ နန်းမဆန်တာက ကိုယ်ရယ်လေ။ နန်းဆန်လျင် တွေးဟန်က ခေတ်မီရမှာပေါ့။ ခုတော့ ကိုယ့်ရဲ့ နန်းတော်မှန်လျင် အချွန်အတက်ပါရမယ်ဆိုတဲ့ ဟောင်းနွမ်းတဲ့အတွေးအခေါ်က နေရာဝင်ယူထားတော့ သူများနန်းတော်ကို နန်းမဆန်လိုက်တာလို့ မှတ်ထင်မိတာကိုး။ ရှေးဟောင်းအယူစွဲ **(Stereotype)** တို့၊ ကိုယ့်အထင်နဲ့ကိုယ် ကြိုတင်ဆုံးဖြတ်သတ်မှတ်မှု **(Prejudge)** တို့ဆိုတာကလည်း ပျောက်နိုင်၊ ဖျောက်နိုင်ခဲသားပဲ မဟုတ်လား။ ဒီတော့ အတော်အတန် ကြိုတင်မြင်ဖူးထားတာတောင်မှပဲ နန်းတော်မှန်လျင် အချွန်ပါမှဆိုတဲ့အစွဲက စွဲမိအောင် စွဲလိုက်သေးတာ။ တကယ်ဆို ကိုယ်က အချွန်အတက်၊ အတောင်အလက်တွေကို သိပ်ပြီး သဘောကျလွန်းသူတော့ မဟုတ်ပါဘူး။ ပြောခဲ့သလို ထင်ထားတာက အတောင်အတက်တွေ။ သို့ပေမယ့် ကိုယ်ထင်ထားတဲ့ အတောင်အတက်တွေက ဘက်ကင်ဟန်မှာ ရှိမနေဘူး။ တကယ်တော့ မထင်တဲ့အတိုင်း ဖြစ်နေတာကပဲ ကိုယ့်အကြိုက် ဖြစ်နေခဲ့ပြန်တယ်။

ဗစ်တိုးရီးယား အမှတ်တရ ကျောက်ရုပ်တုများကတော့ ဘက်ကင်ဟန်ရှိ ထင်ရှားတဲ့သင်္ကေတများထဲက တစ်ခုပါပဲ။ ကျောက်ဆစ်ပန်းပု ရုပ်တုတွေထဲမှာ အရှေ့မြောက်အရပ်ဖက်မှာရှိတဲ့ မောလမ်းမဖက်ကို မျက်နှာမူပြီး ခန့်ခန့်ကြီး ထိုင်နေလေတဲ့ ဗစ်တိုးရီးယားဘုရင်မကြီးရဲ့ရုပ်ပုံက ရာဇမာန်အပြည့်။ အခြားဖက်များမှာတော့ ဥပဒေစိုးမိုးမှု၊ အမှန်တရားသစ္စာ၊ ရဲရင့်မှုကို ကိုယ်စားပြုတဲ့ ပုံတွေကိုလည်း ထုလုပ်ထားပါတယ်။ မင်္ဂလာ ကိတ်မုံ့နဲ့ ပုံစံတူနေတာကြောင့် ဝက်ဒင်းကိတ်လို့လည်း ခေါ်တတ်ကြတဲ့ ဗစ်တိုးရီးယား အထိမ်းအမှတ်ကျောက်တိုင်ထိပ်က အတောင်များနဲ့ ရွှေရောင်မိန်းမချောကတော့ အောင်မြင်မှု **(Victory)** ကို ကိုယ်စားပြုပါသတဲ့။

ဥပဒေစိုးမိုးမှု၊ အမှန်တရား၊ ရဲရင့်မှုနဲ့ အောင်မြင်မှု။ လောကအတွက်၊ လူ့အသိုင်းအဝိုင်းအတွက် ဘယ်လောက်အရေးပါတဲ့ အရာများပါလဲ။ အောင်မြင်မှုအတွက် ရဲရင့်ဖို့၊ ရဲရင့်ခြင်းက အမှန်ကို ဖြစ်စေတယ်၊ အမှန်တရားကသာလျင် ဥပဒေစိုးမိုးရေးဖြစ်စေနိုင်မယ်၊ ဥပဒေစိုးမိုးမှ ငြိမ်းချမ်းတဲ့ လူ့အဆောက်အဦ ခိုင်မာစေမယ်။ ဒီလေးမျိုးက အပြန်ပြန်အလှန်လှန် မှီတည်နေတဲ့တရားတွေ။ တစ်ခုက အကြောင်းဆို အခြားတစ်ခုက အကျိုး။ အခြားတစ်ခုက အကျိုးဆိုလျင် ကျန်တာက အကြောင်း။ ဒီအထဲက တစ်ခုခု ချွတ်ယွင်းဖောက်ပြန်နေမယ်ဆိုလျင်တော့ အားလုံး ပုံမှန်လည်ပတ်နိုင်တော့မယ် မဟုတ်။ ပုံမှန်လည်ပတ်မှု မရှိတော့လျင် ဒီလူ့အသိုင်းအဝိုင်းအတွက် ပျက်စီးဆုံးရှုံးဖို့က အသေအချာလာမှာမလွဲ။

ပန်းပုရုပ်တုတွေကြည့်ပြီး သူတို့တွေက အရုပ်ကို လူနဲ့တူအောင်ထုတယ်။ ကိုယ့်ဆီမှာတော့ အရုပ်ကို အရုပ်နဲ့တူအောင် ထုတတ်ကြတယ်လို့ ကိုယ့်ဆီက ရုပ်တုနဲ့ သူတို့ဆီက ရုပ်တုနှစ်ခု ယှဉ်ပြီး စဉ်းစားမိတယ်။ သက်ရှိသူကို အတုပြုတဲ့ ရုပ်တုဆိုတာ သက်ရှိလူနဲ့ တူနိုင်သမျှတူအောင် ထုလုပ်တာက ကောင်းတာပေါ့လို့လည်း ကိုယ့်အယူအဆနဲ့ကိုယ် မှန်ကန်နေလိုက်မိသေးတယ်။ ကိုယ်ကိုးကွယ်တဲ့ မဟာလူသား မြတ်ဘုရားပုံတော်တွေကို စည်းကမ်းမရှိ ထုချင်တိုင်းထုလုပ်ထားတဲ့ ပုံတွေကို တွေ့ရတိုင်း စိတ်တိုင်းမကျဖြစ်ရတတ်တဲ့ ကိုယ့်စိတ်က သတိတရ ပြန်ပေါ်လာတယ်။ ဗုဒ္ဓပုံတော်တွေကို အချိုးအစား စနစ်ကျစွာ ထုလုပ်ကြလျင် ဘယ်လောက်များ ကောင်းလိုက်မှာပါဘိတော့။

ဘုရင်မပြခန်းကို မဝင်မီမှာ ပြခန်းဝက အမှတ်တရပစ္စည်းအရောင်းဆိုင်ကို ဝင်ကြည့်ဖြစ်တယ်။ ပြခန်းထဲက ကွန်ပြူတာမှာထိုင်လို့ ပြခန်းထဲမှာ ဘာတွေကို တွေ့မြင်နိုင်မယ်။ ဘာတွေပြသထားတယ်ဆိုတာကို ဓာတ်ပုံတွေနဲ့အတူ ဆိုင်ရာသမိုင်းကြောင်း အပြည့်အစုံကို ကြည့်ရှုနိုင်တယ်။ စိတ်ဝင်စားလျင် ဝင်ရောက်ကြည့်ဖို့၊ စိတ်မဝင်စားလျင်လည်း လှည့်ပြန်ပေ့ါ။ ကွန်ပြူတာကနေ ကြည့်ရတာနဲ့ပဲ ကိုယ်သိချင်တဲ့အကြောင်းအရာ တော်တော်များများ သိလိုက်ရတယ်။ ဒါကြောင့် ပြခန်းဝင်နေလျင် အခြားနေရာသွားဖို့ အချိန်နည်းနေမှာမို့ ဝင်ရောက် မကြည့်ခဲ့။ အမှတ်တရ

ပစ္စည်းအရောင်းဆိုင်ထဲမှာပဲ လှည့်လည်ကြည့်ရှုလိုက်တယ်။ ဆိုင်အတွင်းမှာတော့ အများဆုံးက ဘုရင်မကြီးနဲ့စပ်နွယ်တဲ့ အမှတ်တရပစ္စည်းတွေ။ သရဖူ၊ နန်းတော်၊ သော့တွဲ၊ ဘော့ပင်စသည်။ အားလုံးနီးပါးက တရုတ်ပြည်လုပ်။ ဒါဆို ကိုယ်က အမှတ်တရ ပစ္စည်းဝယ်ပြီဆိုပါစို့။ ဘာကို အမှတ် ရရမှာတုံး။ အင်္ဂလန်ဘုရင်မကြီးကိုလား။ တရုတ်သမ္မတ ဟူကျင်တောင်ကိုလား။ ပဒေသရာဇ်မဖြစ်တော့တဲ့ ပဒေသရာဇ်စနစ်ကျန် သင်္ကေတနဲ့ ပဒေသရာဇ် အစစ်ဖြစ်နေတဲ့ ကွန်မြူနစ်စနစ်ဟန် သင်္ကေတ။ ကိုယ့်ရွေးချယ်မှုက...

တခါက ရေးခဲ့ဖူးတဲ့ 'ပြည်တွင်းဖြစ်အမေ' ဆိုတဲ့ ကိုယ့်ကဗျာလေးက ဦးနှောက်ထဲ ပြန်လည်ဝင်ရောက်လာတယ်။

## 'ပြည်တွင်းဖြစ်အမေ'

ကြံ့သကာနဲ့ ထန်းလျက်
အညာထွက် ဖြစ်ပေမယ့်
ထန်းလျက်ကိုမှ သူချစ်
အဲဒါ အညာသား
စစ်လို့တဲ့လေ။

အညာချစ်တဲ့ ငါ့အမေ
ဩဝါဒ ချွေတတ်တာပ။

သူ့အညာ သူ့ရွာ မဖြစ်ပေမယ့်
လဖက်ကိုလည်း အမေချစ်
တိုင်းရင်းဖြစ် စစ်စစ်မို့သားတဲ့။

ငါးပိနှင့် ငါးခြောက်
အောက်ပြည်ထွက် စစ်စစ်
အမေ့နှစ်သက်မှုကရော
ဆိုတော့၊
ဒါကတော့ သားရယ်
မင်းတို့အဖေ ကိုရွှေငါး က
အောက်သားလေကွယ်တဲ့။

ထန်းလျက်ချစ်၊ လဖက်ချစ်
ငါးပိချစ်တဲ့ ငါ့အမေ
အညာနေ ရိုးရိုး
'စိန့်တိုင်း'ဖြစ် ပိုးပုဆိုးကြ
အဆတိုးလို့ မျက်မုန်းကျိုးသပ။

ခုခေတ် ခုခါ
ဟိုဟာလည်း ချိုင်းနားဖြစ်
ဒီအရာလည်း ချိုင်းနားဖြစ်
အိမ်နီးနားလည်း ချိုင်းနားဖြစ်
အရာရာ ချိုင်းနား ခေတ်မို့။

ထန်းလျက်ချစ်တဲ့ ငါ့အမေ
လဖက်ချစ်တဲ့ ငါ့အမေ
ငါးပိချစ်တဲ့ ငါ့အမေ
ငါ့ပြည်ချစ်တဲ့ ငါ့အမေ
စိတ်ညစ်နေမယ့် ငါ့အမေ
'တရား အားမထုတ်'ချင်တဲ့ ငါ့အမေ
ဘယ်လိုများ နေရှာပ
တွေးကြည့်ကာ သနားမိပါရဲ့။



ဘက်ကင်ဟန်နန်းတော် အမှတ်တရပစ္စည်းအရောင်းဆိုင်ထဲက ဘာတစ်ခုမှ မဝယ်ပဲ ထွက်ခဲ့တယ်။ ဒါကို အမေသိရင် လည်း ကျေနပ်မှာပါ။

ဘက်ကင်ဟန်နန်းတော်ရှေ့မှာရှိတဲ့ စိန့်ဂျိမ်းပန်းခြံထဲက ရေကန်ဘေးတစ်လျှောက် လမ်းလျှောက်ဖြစ်တယ်။ စနေနေ့ဖြစ်တာရယ် ရာသီဥတုသာယာတာရယ်(နေပူတဲ့နေ့) ဆိုတော့ ပန်းခြံတစ်ခုလုံး လူတွေအပြည့်။ လမ်းလျှောက်သူလျှောက်၊ ထိုင်သူထိုင်၊ လှဲသူလှဲ။ အများစုသောသူတွေရဲ့ အမူအယာက ကိုယ့်လိုပဲ ရပ်ဝေးကရောက်လာတဲ့ ခရီးသွားတွေလို။ ပန်းခြံထဲက ရေကန်ကိုဖြတ်ကူးထားတဲ့ တံတားလေးပေါ်ကနေ ရေကန်လေးကိုဖြတ်။။ အရှေ့ရပ်ဖက်ဆီကို မျှော်အကြည့်မှာတော့ လန်ဒန်အိုင်းနောက်ခံနဲ့ မြင်ရတဲ့မြင်ကွင်းက အလွန်ကြီးမားလှတဲ့ ပန်းချီကားချပ် တစ်ခုလို။



အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်မှာ ဖြစ်ခဲ့တဲ့ အနည်းငယ် စိတ်နောက်ကျမှုက ခုမှ ပြေသွားသလို ခံစားမိတယ်။ ဒါဟာဖြင့် ကြည်ပြာလဲ့နေတဲ့ ရေကန်ထဲက ရေကြောင့်လား။ စိမ်းစိုလန်းဆန်းနေတဲ့ ကန်ဘေးရှိ သစ်ပင်တွေကြောင့်လား။ ကန်ရေပြင်ဖြတ်၊ တိမ်လွှာနဲ့သစ်တော၊ စပ်ထားတဲ့ ကြားမှာ မထင်မရှား မြင်နေရတဲ့ ဟိုးခပ်ဝေးဝေးဆီက ခြားရဟတ်ကြီးနဲ့တူတဲ့ လန်ဒန်အိုင်းကြောင့်လား။ တိတိကျကျ မသိနိုင်ခဲ့။ ကိုယ့်အထင် မှန်ဆလို့ပြောရလျှင်ဖြင့် ဒီအရာအားလုံးပေါင်းစုပြီး စကြ္ဝာသဘာဒကို ဆွဲငင်ယူဆောင်ခဲ့တဲ့ သဘာဝ အလှပန်းချီကားကြီးကြောင့်ပဲ ဖြစ်မယ်ထင်ပါရဲ့။ ။